# မြန်မာ့ဆေးဖက်ဝင် ပင်စိမ်းပင်၏ အဏုဇီဝပိုးများကို ဟန့်တားသေစေနိုင်သောဂုဏ်သတ္တိနှင့် ပါဝင်သော ဒြပ်ပေါင်းများကို လေ့လာခြင်း


မေသန္တာထွန်း [၁]၊ အေးသီတာထွန်း[၁]၊ စုစုရီ၊ ဝင်းဝင်းမော်[၂]၊ ခင်ဖြူဖြူ[၃]၊ စောလှမြင့် [၄]၊ ရီရီမြင့်[၁]

၁။ ဆေးသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်)

၂။ ဆေးဝါးတက္ကသိုလ် (ရန်ကုန်)

၃။ ဆေးတက္ကသိုလ် (၂) (ရန်ကုန်)

၄။ ရန်ကုန်တက္ကသိုလ် (ဓာတုဗေဒဌာန)


လူတို့သည် ရှေးယခင်နှစ်များစွာမှ စတင်၍ အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ အတွက် အပင်များအား ဆေးအဖြစ်အသုံးပြုခဲ့ပေရာ ယနေ့ထတိုင်အောင်ပင် ဖြစ်ပေသည်။ ဆေးဖက်ဝင် အပင်များအား များပြားလှစွာသော ရောဂါကုသရန်အတွက် ကျယ်ပြန့်စွာ အသုံးပြုနေခြင်းမှာ ဘေးထွက်ဆိုးကျိုး နည်းခြင်းကြောင့် ဖြစ်သည့်အပြင် ရောဂါကုသရန်တွင် ထိရောက်မှုရှိခြင်း၊ အလွယ်တကူ ရရှိနိုင်ခြင်းနှင့် စီးပွားရေးအရ တွက်ခြေကိုက်ခြင်းတို့ကြောင့်ပင် ဖြစ်ပေသည်။

ယခုခေတ်အခါတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အသက်အန္တရာယ်ကို ဖြစ်စေနိုင်သော ကူးစက်ရာဂါများ ဖြစ်ပွားမှုသည် ထိုနိုင်ငံများ၏ ရောဂါဖြစ်ပွားနှုန်းများ မြင့်တက်လာရခြင်းအတွက် အရေးကြီးသောအကြောင်းအရင်းတစ်ရပ် ဖြစ်နေပေသည်။[(၁)] ဆေးကုသမှုပတ်ဝန်းကျင်တွင်လည်း ရောဂါဖြစ်စေနိုင်သော ဘတ်တီးရီးယားများ၏ ပဋိဇီဝဆေးများအား ခံနိုင်ရည်ရှိလာမှုသည် မြင့်တက်လာခဲ့ပေသည်။ ထို့အပြင် ပဋိဇီဝဆေးများသည် တစ်ခါတစ်ရံတွင် သောက်သုံးသူတို့အား ဘေးထွက်ဆိုးကျိုးပင် ရရှိစေနိုင်ပေသည်။[(၂)] ထို့ကြောင့် အဏုဇီဝပိုးကြောင့် ဖြစ်ပွားသော ရောဂါများအား ကုသနိုင်သော ဆေးအသစ်များအား ရှာဖွေတွေ့ရန် လိုအပ်လာပေသည်။

ဆေးဖက်ဝင်အပင်များတွင် အစွမ်းထက်မြက်သော ဇီဝဒြပ်ပေါင်း အများအပြားပါရှိပြီး ၎င်းဇီဝ ဒြပ်ပေါင်းများသည် အဏုဇီဝပိုးများ သေစေနိုင်သော အစွမ်းသတ္တိများရှိပေသည်။ ဆေးဖက်ဝင်အပင်များအား ပဋိဇီဝဆေးများကဲ့သို့ အသုံးပြုနိုင်ရန်အတွက် ၎င်းဆေးဖက်ဝင်

အပင်များ၏ အစွမ်းထက် ဒြပ်ပေါင်းများ၊ ၎င်းတို့၏ ဂုဏ်သတ္တိများအား လေ့လာပြီး ၎င်းဆေးဖက်ဝင်အပင်တို့၏ အစွမ်းထက်မှုအား သက်သေပြရန် လိုအပ်ပေသည်။ [၃]

မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရှိရသော ထောင်ပေါင်းများစွာသော ဆေးဖက်ဝင်အပင်မျိုးစိတ်များသည်လည်း ရှေးယခင်ကတည်းက အသုံးပြုခဲ့ကြပေသည်။ ယခုခေတ်အခါတွင်လည်း ၎င်းတို့သည် ကူးစက်ရောဂါများ ကုသရာတွင် အသုံးဝင်လျက်ရှိပေသည်။ မြန်မာအစိုးရသည်လည်း မြန်မာ့တိုင်းရင်းဆေးများ နိုင်ငံတကာအဆင့် ရောက်ရှိလာစေရန်၊ အစွမ်းထက် တိုင်းရင်းဆေးများအား သိပ္ပံနည်းကျ လေ့လာပြီး ထုတ်လုပ်လာနိုင်စေရန် အားပေးလျက်ရှိပါသည်။

ကမ္ဘာ့နေရာအနှံ့အပြားတွင် ရန့်ရှိသောအပင်များအား ချွဲကြေဆေး၊ အကိုက်အခဲပျောက်ဆေး၊ ပိုးသတ်ဆေးနှင့် ဆီးချိုကျဆေးများအနေဖြင့် အသုံးပြုခဲ့ကြပေသည်။[၅] ဆေးဖက်ဝင် အပင်များကြားတွင် Hoary basil ပင်စိမ်းပင်သည် အရေးကြီးသော ဆေးဖက်ဝင်သည့် ဟင်းခက်အမွှေးအကြိုင် တစ်ခုပင်ဖြစ်သည်။ ၎င်းပင်စိမ်းပင်တါင် သိသာထင်ရှားသော ရန့်နှင့် အရသာတို့ရှိပြီး အလွယ်တကူ စိုက်ပျိုးပေါက်ရောက်နိုင်ပေသည်။ ထို့အပြင် ကျေးလက်ဆေးပညာတွင် ၎င်း၏ အရွက်နှင့် အပွင့်ပွင့်သော ထိပ်ပိုင်းများအား အစာအိမ်ရောဂါနှင့် လေနာရောဂါများအား ကုသရာတွင်အသုံးပြုခဲ့ကြပေသည်။ [၆]

ပင်စိမ်းမျိုးစိတ်တွင် ပါဝင်သော ဒြပ်ပေါင်းများသည် ဘတ်တီးရီးယားများနှင့် မှိုများကို သေစေနိုင်သော ဂုဏ်သတ္တိနှင့် ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိများရှိကြောင်း အနောက်နိုင်ငံစာတမ်းများတွင် ဖော်ပြထားပေသည်။ ထို့အပြင် ၎င်းပင်စိမ်းပင်အား အဖျားအမျိုးမျိုးအား ကုသရာတွင်လည်း အသုံးပြုနေခဲ့ကြသည်။ သို့သော်လည်း ပင်စိမ်းပင်၏ ဆေးဆီနှင့် ဆေးနှစ်များ၏ အဏုဇီဝပိုးများကို ဟန့်တားသေစေနိုင်သော ဂုဏ်သတ္တိအား မြန်မာနိုင်ငံတွင် လေ့လာထားခြင်းမရှိသေးပါသောကြောင့် ၎င်းအပင်အား သုတေသနပြုလေ့လာရန် ရွေးချယ်ခဲ့ခြင်း ဖြစ်ပေသည်။